ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ( ၀၂၁ /၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော်      ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၁၉ ရက်)

## ကျောက်မျက်ရတနာဓာတ်ခွဲခန်းများအတွက် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခြင်း

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၄၁၊ ပုဒ်မခွဲ(ဌ)အရ ကျောက်မျက်ရတနာဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် စံချိန်စံညွှန်းမီ ဓာတ်ခွဲခန်းများ ဖွံ့ဖြိုးတိုးတက်ရေး အားပေးကူညီရန်အတွက် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ ၆၉၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

### အခန်း(၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို **ကျောက်မျက်ရတနာဓာတ်ခွဲခန်းများအတွက် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ကျောက်မျက်ရတနာ** ဆိုသည်မှာ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော ကျောက်မျက်ရတနာများနှင့် ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲ (င)နှင့် ပုဒ်မခွဲ(စ) တို့တွင် ဖော်ပြထားသော ကျောက်မျက်ရတနာအရိုင်း၊ ကျောက်မျက်ရတနာအချောထည်၊ လက်ဝတ်ရတနာနှင့် ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းများကို ဆိုသည်၊

(ခ) **ဓာတ်ခွဲခန်း** ဆိုသည်မှာ ကျောက်မျက်ရတနာများကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း နှင့် စစ်ဆေးချက်မှတ်တမ်း ထုတ်ပေးခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဤလုပ်ထုံးလုပ်နည်းများအရ မှတ်ပုံတင်လက်မှတ် ထုတ်ပေးထားသည့် ဓာတ်ခွဲခန်းကို ဆိုသည်၊

(ဂ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ပြည်တွင်းတွင် ဓာတ်ခွဲခန်း ဖွင့်လှစ်နိုင်ရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက ဤလုပ်ထုံးလုပ်နည်းများအရ သုံးနှစ်ထက်မပိုသော သက်တမ်းဖြင့် ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်ကို ဆိုသည်၊

(ဃ) **ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း** ဆိုသည်မှာ ကျောက်မျက်ရတနာများအား ဓာတ်ခွဲခန်းသုံးပစ္စည်းများနှင့် အခြေခံ သို့မဟုတ် အဆင့်မြင့် စက်ကိရိယာများကို အသုံးပြု၍ စမ်းသပ်စစ်ဆေးခြင်း၊ ကျောက်မျက်ရတနာ နမူနာများဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့် စံနှုန်းများပေါ်တွင် အခြေခံ၍ ပိုင်းခြားအကဲဖြတ်ခြင်းတို့ဖြင့် စစ်ဆေးချက်မှတ်တမ်းတွင် ဖော်ပြရန်လိုအပ်သော အချက်အလက်များရရှိရန် ဆောင်ရွက်သည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကို ဆိုသည်၊

(င) **ဓာတ်ခွဲစမ်းသပ်စစ်ဆေးတွေ့ရှိချက်** ဆိုသည်မှာ ကျောက်မျက်ရတနာများကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးပြီး စစ်ဆေးချက်မှတ်တမ်းတွင် ဖော်ပြထားသည့် စစ်ဆေးတွေ့ရှိချက်များကို ဆိုသည်၊

(စ) **စစ်ဆေးချက်မှတ်တမ်း** ဆိုသည်မှာ ဓာတ်ခွဲစမ်းသပ် စစ်ဆေးတွေ့ရှိချက်များကို ဤလုပ်ထုံးလုပ်နည်းပါ သတ်မှတ်ချက်များနှင့်အညီ ရေးသွင်းဖော်ပြပြီး ဓာတ်ခွဲခန်းတာဝန်ခံက လက်မှတ်ရေးထိုး ထုတ်ပေးသည့် စစ်ဆေးချက်မှတ်တမ်း အထောက်အထားကို ဆိုသည်၊

(ဆ) **ဓာတ်ခွဲခန်းတာဝန်ခံ** ဆိုသည်မှာ ဓာတ်ခွဲခန်း ဝန်ဆောင်မှုလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်း၊ ဆောင်ရွက်ပြီးဖြစ်သည့် ဓာတ်ခွဲခန်း ဝန်ဆောင်မှုလုပ်ငန်းများအပေါ် တာဝန်ခံခြင်းနှင့် ဓာတ်ခွဲခန်းဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ဖြစ်ပေါ်လာသည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းခြင်း စသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်သည့် ပြည်တွင်း သို့မဟုတ် ပြည်ပတွင် ဓာတ်ခွဲခန်း လုပ်ငန်းအတွေ့အကြုံ(၂)နှစ်နှင့် အထက်ရှိသော ပြည်တွင်း သို့မဟုတ် ပြည်ပမှ ဘွဲ့တစ်ခုခုရရှိသည့် ပညာရှင်ကို ဆိုသည်၊

(ဇ) **ပညာရှင်** ဆိုသည်မှာ ပြည်တွင်း သို့မဟုတ် ပြည်ပမှ ကျောက်မျက်ရတနာ ပညာရပ်ဆိုင်ရာ ဘွဲ့တစ်ခုခုဖြစ်စေ၊ ပြည်တွင်း သို့မဟုတ် ပြည်ပမှ ကျောက်မျက်ရတနာ ပညာရပ်ဆိုင်ရာ ဒီပလိုမာဖြစ်စေ ရရှိထားသူကို ဆိုသည်၊

(ဈ) ဓာတ်ခွဲခန်းဝန်ထမ်း ဆိုသည်မှာ ကျောက်မျက်ရတနာများကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းလုပ်ငန်းအပြင် အခြားလုပ်ငန်းများအတွက် ဓာတ်ခွဲခန်းက ခန့်အပ်ထားသည့် ဝန်ထမ်းကို ဆိုသည်၊

(ည) **ဓာတ်ခွဲခန်းသုံးစက်ကိရိယာများနှင့် ဆက်စပ်ပစ္စည်းများ** ဆိုသည်မှာ ကျောက်မျက်ရတနာများကို စစ်ဆေးရာတွင် အသုံးပြုသည့် အခြေခံပစ္စည်းများ၊ အခြေခံစက်ကိရိယာများနှင့် အဆင့်မြင့် စက်ကိရိယာများကို ဆိုသည်၊

(ဋ) **အခြေခံစက်ကိရိယာများ** ဆိုသည်မှာ ခရမ်းလွန်ရောင်ခြည်သုံးကိရိယာ (Ultra Violet Light)၊ လက်ကိုင်မှန်ဘီလူး(Loupe)၊ အလင်းသန့်ကိရိယာ (Polariscope)၊ နှစ်ရောင်ပြောင်း တိုင်းတာခြင်းကိရိယာ (Dichroscope)၊ ရောင်စဉ်စစ်ကိရိယာ (Spectroscope)၊ အလင်းယိုင်ညွှန်းကိန်းတိုင်းကိရိယာ (Refractometer)၊ လျှပ်စစ်ချိန်ခွင်ကို အသုံးပြုသည့် သိပ်သည်းဆတိုင်းကိရိယာ (Hydrostatic weighting machine)၊ အဏုကြည့်မှန်ဘီလူး (Gemmological microscope)၊ အရောင်စစ်ကိရိယာ (Colour Filter)၊ လျှပ်စစ်ချိန်ခွင် (Digital Balance)၊ စိန်စစ်ကိရိယာ (Natural Diamond Testing Instrument) စသည့် ကျောက်မျက်ရတနာများကို စစ်ဆေးရာတွင် အသုံးပြုသော စက်ကိရိယာများကို ဆိုသည်၊

(ဌ) **အဆင့်မြင့်စက်ကိရိယာများ** ဆိုသည်မှာ အနီအောက်ရောင်ခြည်သုံး ကျောက်စစ်ကိရိယာ(FTIR – Fourier Transform Infrared Spectrometer)၊ လေဆာရောင်ခြည်သုံး ကျောက်စစ်ကိရိယာ(Laser Raman Spectrometer)၊ အဏုမြူရောင်ခြည်သုံး ကျောက်စစ်ကိရိယာ (EDXRF– Energy Dispersive X–Ray Fluorescence Spectro– meter)၊ ခရမ်းလွန်ရောင်ခြည်သုံး ကျောက်စစ်ကိရိယာ (UV–Vis–NIR– Ultra Violet Visible Near Infrared Spectro– photometer)၊ လေဆာရောင်ခြည်သုံး အနုစိတ်လေ့လာနိုင်သည့် ကိရိယာ(LA–ICP–MS – Laser Ablation Inductively Coupled Plasma Mass Spectrometry) စသည့် စက်ကိရိယာများနှင့် နောင်တွင် အသစ်ထပ်မံထွက်ရှိလာမည့် အဆင့်မြင့် စက်ကိရိယာများကို ဆိုသည်၊

(ဍ) **စစ်ဆေးချက်မှတ်တမ်းရယူလိုသူ** ဆိုသည်မှာ ကျောက်မျက်ရတနာများကို ဓာတ်ခွဲခန်းသို့ ယူဆောင်၍ ဓာတ်ခွဲစမ်းသပ် စစ်ဆေးစေပြီး စစ်ဆေးချက်မှတ်တမ်း ရယူလိုသူကို ဆိုသည်၊

(ဃ) ဓာတ်ခွဲစမ်းသပ်စစ်ဆေးခ ဆိုသည်မှာ ကျောက်မျက်ရတနာများကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးပြီး စစ်ဆေးချက်မှတ်တမ်း ထုတ်ပေးခြင်းအတွက် ဓာတ်ခွဲခန်းက စစ်ဆေးချက်မှတ်တမ်း ရယူလိုသူထံမှ ကောက်ခံသည့် အခကြေးငွေကို ဆိုသည်။

## အခန်း(၂)

## ဓာတ်ခွဲခန်းတည်ထောင်ဖွင့်လှစ်ခြင်း

၃။ ဓာတ်ခွဲခန်း တည်ထောင်ဖွင့်လှစ်လိုသည့် ပုဂ္ဂိုလ်သည် -

(က) အောက်ဖော်ပြပါ အခြေခံအချက်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရမည် -

(၁) ဓာတ်ခွဲခန်းသုံး စက်ကိရိယာများနှင့် ဆက်စပ်ပစ္စည်းများကို လုံလောက်စွာ ဖြည့်ဆည်းထားရှိပြီး ဖြစ်ရမည်၊

(၂) တိုင်းတာသည့် အချက်အလက်များ တိကျစေရေးအတွက် ခေတ်နှင့်အညီ တီထွင်ထုတ်လုပ်ထားသော စက်ပစ္စည်းများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ထောက်ခံချက်ဖြင့် ဖြည့်ဆည်းတပ်ဆင်နိုင်ခြင်း ရှိရမည်၊

(၃) ဓာတ်ခွဲခန်းတွင် တာဝန်ပေးအပ်မည့် ဓာတ်ခွဲခန်းတာဝန်ခံနှင့် ပညာရှင်များ၊ ဓာတ်ခွဲခန်းဝန်ထမ်းများ လုံလောက်စွာ ခန့်အပ်နိုင်ရေး စီစဉ်ထားရှိပြီး ဖြစ်ရမည်၊

(၄) ဓာတ်ခွဲခန်းဖွင့်လှစ်ရန် လုံလောက်သောနေရာ အကျယ်အဝန်းနှင့် အဆောက်အဦ ရှိပြီးဖြစ်ရမည်၊

(၅) လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရန် လိုအပ်သော ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ထားရှိပြီး ဖြစ်ရမည်၊

(၆) ဓာတ်ခွဲခန်းနှင့်ပတ်သက်၍ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းနှင့် စည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည့်အပြင် ဓာတ်ခွဲခန်း၏ တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ အချက်များကိုလည်း သတ်မှတ်ပြီးဖြစ်ရမည်၊

(ခ) ဓာတ်ခွဲခန်းတည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုထံမှ ခွင့်ပြုချက် သို့မဟုတ် လိုင်စင် လျှောက်ထားရယူရမည်၊

(ဂ) အပိုဒ်ခွဲ(ခ)အရ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းတစ်ခုခုထံမှ ခွင့်ပြုချက် သို့မဟုတ် လိုင်စင်ရရှိပါက မှတ်ပုံတင်လက်မှတ်ရရှိရန် အောက်ပါ အချက်အလက်များကို ဖော်ပြ၍ အထောက်အထား၊ စာရွက်စာတမ်းများနှင့်အတူ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ နောက်ဆက်တွဲ(က)ပါ ပုံစံဖြင့် လျှောက်ထားရမည် -

(၁) ဓာတ်ခွဲခန်းအမည်၊

(၂) ဓာတ်ခွဲခန်းတည်နေရာ၊

(၃) ဓာတ်ခွဲခန်းတည်ထောင်မည့် ပုဂ္ဂိုလ် အမည်၊

(၄) တည်ထောင်ပြီး ဓာတ်ခွဲခန်းဖြစ်ပါက တည်ထောင်ခဲ့သည့် ခုနှစ်၊

(၅) ဓာတ်ခွဲခန်းသုံး စက်ကိရိယာများ၊ ဆက်စပ်ပစ္စည်းများစာရင်းနှင့် ယင်း စက်ကိရိယာနှင့် ဆက်စပ်ပစ္စည်းများ၏ အချက်အလက်များ၊

(၆) ဓာတ်ခွဲခန်းတာဝန်ခံ၊ ပညာရှင်တို့၏အမည်၊ တစ်ဦးချင်းစီ၏ ပညာအရည်အချင်း နှင့် လုပ်ငန်းအတွေ့အကြုံဆိုင်ရာ အချက်အလက်များ၊ ဓာတ်ခွဲခန်းဝန်ထမ်း အင်အားနှင့် အမည်စာရင်းများ၊

(၇) အပိုဒ်ခွဲ(ခ)အရ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှ ထုတ်ပေးသည့် ခွင့်ပြုချက် သို့မဟုတ် လိုင်စင်မိတ္တူ၊

(၈) ဓာတ်ခွဲခန်းက ထုတ်ပေးမည့် စစ်ဆေးချက်မှတ်တမ်း နမူနာပုံစံ၊

(၉) ဓာတ်ခွဲခန်း၏ တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ သတ်မှတ်ချက်များ၊

(၁၀) ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေး ဆောင်ရွက်မည့် ကြိုတင်ကာကွယ်မှု အစီအမံများ။

၄။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် အပိုဒ် ၃ အပိုဒ်ခွဲ (ဂ)အရ မှတ်ပုံတင် လက်မှတ်ရရှိရန် တင်ပြလျှောက်ထားမှုအပေါ် အောက်ဖော်ပြပါ အချက်အလက်များအား တည်ဆဲ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ရမည်-

(က) အပိုဒ် ၃ အပိုဒ်ခွဲ (ခ) အရ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခု ထံမှ ခွင့်ပြုချက် သို့မဟုတ် လိုင်စင်လျှောက်ထားရယူခြင်း ရှိ မရှိ၊

(ခ) ဓာတ်ခွဲခန်းသုံး စက်ကိရိယာများနှင့် ဆက်စပ်ပစ္စည်းများ ပြည့်စုံလုံလောက်မှု ရှိ မရှိ၊

(ဂ) ဓာတ်ခွဲခန်းတာဝန်ခံပညာရှင်၏ ပညာအရည်အချင်းသတ်မှတ်ချက်နှင့် လုပ်ငန်း အတွေ့အကြုံများ ပြည့်မီခြင်းရှိ မရှိ၊

(ဃ) ဓာတ်ခွဲခန်း၏ တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ အချက်များကို သတ်မှတ်ထားခြင်း ရှိ မရှိ၊

(င) ဓာတ်ခွဲခန်းများအတွက် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ကျင့်ဝတ်များကို လိုက်နာဆောင်ရွက်နိုင်ခြင်း ရှိ မရှိနှင့် စောင့်ထိန်းနိုင်ခြင်း ရှိ မရှိ၊

(စ) ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးအတွက် လိုအပ်သော ကြိုတင်ကာကွယ်မှုများကို ဆောင်ရွက်ထားခြင်း ရှိ မရှိ။

၅။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် မှတ်ပုံတင်ကြေးကို တစ်နှစ်လျှင် ၃၀၀၀၀၀ ကျပ် (ကျပ်သုံးသိန်းတိတိ)ဖြင့် သက်တမ်း(၃)နှစ်အတွက် ၉၀၀၀၀၀ ကျပ် (ကျပ် ကိုးသိန်း တိတိ) ကောက်ခံနိုင်ရေးအတွက် လျှောက်ထားသူအား သတ်မှတ်ငွေစာရင်းသို့ ပေးသွင်းစေရမည်။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် မှတ်ပုံတင်ကြေးကို သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လိုအပ်သလို ပြင်ဆင်သတ်မှတ်နိုင်ပြီး သတ်မှတ်ချက်အတိုင်း လျှောက်ထားသူအား ပေးသွင်းစေရမည်။

၆။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် အပိုဒ်(၄)၊ အပိုဒ်ခွဲ(က)မှ(စ)ပါ စိစစ်ရမည့် အချက်များ ပြည့်စုံမှန်ကန်မှုရှိပါက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မှတ်ပုံတင်ကြေးကို ပေးသွင်းစေပြီး ဓာတ်ခွဲခန်း မှတ်ပုံတင်စာရင်း စတင်ရေးသွင်းသည့်နေ့မှ သုံးနှစ်ထက်မပိုသည့် သက်တမ်းဖြင့် မှတ်ပုံတင်လက်မှတ်ကို နောက်ဆက်တွဲ(ခ)ပါ ပုံစံဖြင့် လျှောက်ထားသူအား ထုတ်ပေးရမည်။

၇။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း(၉၀)အတွင်း လိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများနှင့်အတူ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ တင်ပြ၍ သက်တမ်းတိုး လျှောက်ထားနိုင်သည်။

၈။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် ခွင့်ပြုသက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်စုံတစ်ရာကြောင့် လုပ်ငန်းဆက်လက်လုပ်ကိုင်လိုခြင်း မရှိပါက မှတ်ပုံတင်လက်မှတ်ကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသို့ ပြန်လည်အပ်နှံရမည်။

## အခန်း(၃)

## ဓာတ်ခွဲခန်းဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း

၉။ မှတ်ပုံတင်လက်မှတ်ရရှိထားသည့် ဓာတ်ခွဲခန်းများသည် ကျောက်မျက်ရတနာများကို စမ်းသပ်စစ်ဆေးခြင်းနှင့် စစ်ဆေးချက်မှတ်တမ်း ထုတ်ပေးခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ အောက်ပါလုပ်ငန်းစဉ်များကို စနစ်တကျ ဆောင်ရွက်ရမည် -

(က) စစ်ဆေးချက်မှတ်တမ်း ရယူလိုသူအား ကျောက်မျက်ရတနာများ စမ်းသပ်စစ်ဆေးခြင်း၊ စစ်ဆေးချက်မှတ်တမ်း ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို ကြိုတင်ရှင်းလင်းအသိပေးထားရှိရမည် -

(၁) ဓာတ်ခွဲခန်းက ဆောင်ရွက်ပေးနိုင်သည့် ဓာတ်ခွဲခန်း ဝန်ဆောင်မှုလုပ်ငန်း အမျိုးအစားများ၊ ပညာရှင်များ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများနှင့် စက်ကိရိယာများ၏ အခြေအနေ၊

(၂) ဓာတ်ခွဲခန်းသုံး ပစ္စည်းကိရိယာများအား ကိုင်တွယ်တိုင်းတာရာတွင် ကိုင်တွယ်သူများ၏ အန္တရာယ်ကင်းရှင်းစေရေးအတွက် SAFETY DATA SHEET များ ပြုစုထားမှုအခြေအနေ၊

(၃) ဝန်ဆောင်မှုလုပ်ငန်း အမျိုးအစားအလိုက် ကောက်ခံမည့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခများ၊

(၄) ဓာတ်ခွဲခန်းကထုတ်ပေးမည့် စစ်ဆေးချက်မှတ်တမ်း နမူနာပုံစံနှင့် စစ်ဆေးချက် မှတ်တမ်းတွင် ဖော်ပြပေးမည့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးတွေ့ရှိချက်များ၊

(၅) ဓာတ်ခွဲခန်း၏ တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ သတ်မှတ်ချက်များ၊

(၆) စစ်ဆေးချက်မှတ်တမ်းရယူလိုသူက လိုက်နာရမည့် စည်းကမ်းချက်များ။

(ခ) ဓာတ်ခွဲစမ်းသပ်စစ်ဆေးလိုသည့် ကျောက်မျက်ရတနာများကို စစ်ဆေးချက်မှတ်တမ်း ရယူလိုသူထံမှ လက်ခံရယူရာတွင် အရေအတွက်၊ အလေးချိန်နှင့် အရွယ်အစားတို့အား ရေတွက်ခြင်း၊ ချိန်တွယ်ခြင်း၊ တိုင်းတာခြင်း၊ စစ်ဆေးခြင်းနှင့် မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်းများ ဆောင်ရွက်၍ လက်ခံရရှိကြောင်း ပြေစာထုတ်ပေးရမည်၊

(ဂ) ကျောက်မျက်ရတနာများကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် တိကျသည့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးတွေ့ရှိချက်များ ရရှိစေရန် ဆောင်ရွက်ပေးရမည်၊

(ဃ) ခေတ်ခွဲစမ်းသပ်စစ်ဆေးတွေ့ရှိချက်များကို စစ်ဆေးချက်မှတ်တမ်းတွင် ပြည့်စုံရှင်းလင်းစွာ ဖော်ပြ၍ ခေတ်ခွဲခန်းတာဝန်ခံက လက်မှတ်ရေးထိုးရမည်၊

(င) စစ်ဆေးချက်မှတ်တမ်းတွင် ဖော်ပြထားသော အချက်များကို စစ်ဆေးချက်မှတ်တမ်း ရယူလိုသူအား ရှင်းလင်းပြောကြားပြီး စစ်ဆေးချက်မှတ်တမ်းနှင့် စစ်ဆေးခဲ့သည့် ကျောက်မျက်ရတနာများကို ပြေစာဖြင့် စနစ်တကျ ပြန်လည်ပေးအပ်ရမည်၊

(စ) ကျောက်မျက်ရတနာများကို စမ်းသပ်စစ်ဆေးခြင်းနှင့် စစ်ဆေးချက်မှတ်တမ်း ထုတ်ပေးခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းစဉ်များဖြစ်သည့် ကျောက်မျက်ရတနာများကို လက်ခံခြင်း၊ စစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်များကို စစ်ဆေးချက်မှတ်တမ်းတွင် ဖြည့်သွင်းခြင်း၊ စစ်ဆေးချက်မှတ်တမ်းထုတ်ပေးခြင်း၊ ကျောက်မျက်ရတနာများ ပြန်လည်ပေးအပ်ခြင်း စသည်တို့နှင့် သက်ဆိုင်သည့် အချက်အလက်အားလုံးကို မှတ်ပုံတင်စာအုပ်များတွင် ရေးသွင်းမှတ်တမ်းတင်ခြင်းနှင့် Database တည်ဆောက်ခြင်းတို့ ဆောင်ရွက်ရမည်။

## အခန်း(၄)
## စစ်ဆေးချက်မှတ်တမ်းတွင် ပါဝင်ရမည့်အချက်များ

၁၀။ မှတ်ပုံတင်လက်မှတ်ရရှိထားသည့် ခေတ်ခွဲခန်းများသည် –

(က) စစ်ဆေးချက်မှတ်တမ်းတွင် အောက်ပါအချက်များကို ပြည့်စုံရှင်းလင်းစွာ ဖော်ပြရမည် –

(၁) စစ်ဆေးသည့် ခေတ်ခွဲခန်းအမည်၊

(၂) စစ်ဆေးချက်အမှတ်စဉ်နှင့် ရက်စွဲ၊

(၃) ကနဦးလက်ခံစဉ် ဖော်ပြချက်၊

(၄) အလေးချိန်၊

(၅) သန့်စင်မှု အရည်အသွေး၊

(၆) အရွယ်အစား၊

(၇) သွေးကွက်၊

(၈) ပုံသဏ္ဌာန်၊

(၉) အလင်းပေါက်အား၊

(၁၀) အရောင်၊

(၁၁) စစ်ဆေးတွေ့ရှိချက်၊

(၁၂) ထွက်ရှိရာဒေသ၊

(၁၃) စစ်ဆေးသည့် ကျောက်မျက်ရတနာ၏ ဓာတ်ပုံမှတ်တမ်း၊

(၁၄) မှတ်ချက်။

(ခ) စစ်ဆေးချက်မှတ်တမ်းတွင် ဓာတ်ခွဲစမ်းသပ် စစ်ဆေးတွေ့ရှိချက်များကိုသာ ဖော်ပြရမည်ဖြစ်ပြီး ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ခြင်းမရှိသော အချက်များကို ထည့်သွင်းဖော်ပြခြင်း မပြုရ။

## အခန်း(၅)

## ဓာတ်ခွဲခန်းများက လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များနှင့် စောင့်ထိန်းရမည့်ကျင့်ဝတ်များ

၁၁။ မှတ်ပုံတင်လက်မှတ်ရရှိထားသည့် ဓာတ်ခွဲခန်းများသည် အောက်ဖော်ပြပါ စည်းကမ်းသတ်မှတ် ချက်များကို လိုက်နာဆောင်ရွက် ရမည် -

(က) ဓာတ်ခွဲခန်းဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ သတ်မှတ်ချက်များ၊ ဓာတ်ခွဲခန်းက လိုက်နာဆောင်ရွက်မည့် စည်းကမ်းချက်များနှင့် စောင့်ထိန်းရမည့် ကျင့်ဝတ်များကို စစ်ဆေးချက်မှတ်တမ်းရယူလိုသူအား ကြိုတင်အသိပေး ရှင်းလင်းပြောကြားရမည်၊

(ခ) ဓာတ်ခွဲစမ်းသပ်စစ်ဆေးမည့် ကျောက်မျက်ရတနာများ၏ အရေအတွက်နှင့် အလေးချိန်တို့ကို စစ်ဆေးလက်ခံခြင်းနှင့် စစ်ဆေးချက်မှတ်တမ်းရယူလိုသူထံသို့ ပြန်လည် လွှဲပြောင်းခြင်းကို စနစ်တကျ ဆောင်ရွက်ရမည်၊

(ဂ) ဓာတ်ခွဲစမ်းသပ်စစ်ဆေးမည့် ကျောက်မျက်ရတနာများတွင် တိကျစွာ ရေတွက်ချိန်တွယ်ခြင်း မပြုနိုင်သည့် လက်ဝတ်ရတနာများ ပါဝင်ပါက အဆိုပါ လက်ဝတ်ရတနာတွင် တပ်ဆင်ထားသည့် ကျောက်မျက်ရတနာများ၏ အလေးချိန်နှင့် အရေအတွက်ကို လုပ်ငန်းလက်ခံစဉ် ရရှိသည့် မှတ်တမ်းအတိုင်း လက်ခံခြင်း၊ ပြန်လည်လွှဲပြောင်းခြင်းအား စနစ်တကျ ဆောင်ရွက်ရမည်၊

(ဃ) ဓာတ်ခွဲခန်းတည်ထောင်ဖွင့်လှစ်မှု၊ ဓာတ်ခွဲခန်းဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်၍ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းနှင့်စည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည်၊

(င) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းနှင့်စည်းကမ်းများကို မပျက်မကွက် လိုက်နာဆောင်ရွက်ရမည်၊

(စ) ဓာတ်ခွဲခန်းမှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပြီးနောက် (၁)နှစ်အတွင်း သက်တမ်းတိုး လျှောက်ထားပါက သက်တမ်းလွန်ဒဏ်ကြေး ၂၀၀၀၀၀ ကျပ် (ကျပ်နှစ်သိန်းတိတိ)ကို လည်းကောင်း၊ သက်တမ်းကုန်လွန်ပြီး (၂)နှစ်အတွင်း သက်တမ်းတိုး လျှောက်ထားပါက သက်တမ်းလွန် ဒဏ်ကြေး ၄၀၀၀၀၀ ကျပ် (ကျပ် လေးသိန်းတိတိ)ကိုလည်းကောင်း ပေးဆောင်ပြီး လျှောက်ထားနိုင်သည်။ ဓာတ်ခွဲခန်းမှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပြီးနောက် (၂)နှစ်အတွင်း သက်တမ်းတိုး လျှောက်ထားခြင်းမရှိပါက အဆိုပါ မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ရမည်။ မှတ်ပုံတင်လက်မှတ်ပယ်ဖျက်ခြင်းခံရသော ဓာတ်ခွဲခန်းအနေဖြင့် မှတ်ပုံတင်လက်မှတ်အသစ်ကို ပြန်လည်လျှောက်ထားလိုပါက ပယ်ဖျက်ပြီး (၆)လအတွင်း နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများ အပြေအကြေ ပေးဆောင်ပြီးမှသာလျှင် ပြန်လည်လျှောက်ထားနိုင်သည်။

(ဆ) ဓာတ်ခွဲခန်းဝန်ဆောင်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ မြေပြင်ဆောင်ရွက်ချက်များသည် မှတ်ပုံတင်လက်မှတ်ပါ အချက်များနှင့် ကိုက်ညီမှုရှိရမည်။ မြေပြင်တွင် ဓာတ်ခွဲခန်းအမည်နှင့် လိပ်စာ ပြောင်းလဲဆောင်ရွက်လိုပါက ပြောင်းလဲဆောင်ရွက်ခြင်း မပြုမီ မှတ်ပုံတင်လက်မှတ်ကို ထပ်မံလျှောက်ထားရမည်။ ထို့ပြင် ဓာတ်ခွဲခန်းတာဝန်ခံနှင့် ပညာရှင်အပြောင်းအလဲရှိပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ စာဖြင့် အကြောင်းကြားရမည်၊

(ဇ) ဓာတ်ခွဲခန်းဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရန်အတွက် နိုင်ငံခြားသားပညာရှင်များကို ခန့်အပ်တာဝန်ပေးအပ်ထားပါက အဆိုပါပုဂ္ဂိုလ်များသည် ဤလုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်ပါ ပညာရှင်သတ်မှတ်ချက်နှင့် ကိုက်ညီရမည့်အပြင် ပြည်တွင်း၌ တရားဝင်နေထိုင်ခြင်း၊ သတ်မှတ်အခွန်အခများ ပေးဆောင်ခြင်းတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတို့က ထုတ်ပြန်ထားသည့် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

၁၂။ မှတ်ပုံတင်လက်မှတ်ရရှိထားသည့် ခာတ်ခွဲခန်းများသည် အောက်ဖော်ပြပါ ကျင့်ဝတ်များကို လိုက်နာ စောင့်ထိန်းရမည် -

(က) ခာတ်ခွဲခန်းဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်မည့် ခာတ်ခွဲခန်းတာဝန်ခံ၊ ပညာရှင်များနှင့် ဝန်ထမ်းများသည် ဖြောင့်မတ်တည်ကြည်မှုနှင့် ရိုးသားမှုရှိရမည်၊

(ခ) ကျောက်မျက်ရတနာများကို ခာတ်ခွဲစမ်းသပ်စစ်ဆေးရာတွင် ကျောက်မျက်ရတနာ ပညာရပ်ဆိုင်ရာ ဗဟုသုတ၊ အတွေ့အကြုံနှင့် လုပ်ငန်းကျွမ်းကျင်မှုတို့အပေါ် အခြေခံ၍ လွတ်လပ်စွာ စစ်ဆေးဆောင်ရွက်ရမည်၊

(ဂ) ခာတ်ခွဲစမ်းသပ်စစ်ဆေးသော ကျောက်မျက်ရတနာများ၏ တန်ဖိုးပြောင်းလဲစေမှုနှင့် အခြားအကျိုးအမြတ် ရရှိနိုင်မှုတို့ကို မျှော်မှန်း၍ စစ်ဆေးခြင်းမပြုရ၊

(ဃ) လွတ်လပ်စွာစစ်ဆေးခဲ့သော ခာတ်ခွဲစမ်းသပ် စစ်ဆေးတွေ့ရှိချက်များကို စစ်ဆေးချက် မှတ်တမ်းတွင် တိကျမှန်ကန်စွာ ရေးသွင်းဖော်ပြရမည်။ မသေချာသည့် စစ်ဆေး တွေ့ရှိချက်များကို ရေးသွင်းဖော်ပြခြင်း မပြုရ၊

(င) ခာတ်ခွဲစမ်းသပ်စစ်ဆေးတွေ့ရှိချက်များ မှန်ကန်စွာ ရရှိစေရေးအတွက် ကျောက်မျက် ရတနာပညာရပ်ဆိုင်ရာ ဗဟုသုတ၊ အတွေ့အကြုံနှင့် လုပ်ငန်းကျွမ်းကျင်မှုများ တိုးတက်ကောင်းမွန်စေရန် သင်ယူခြင်း၊ ဆည်းပူးခြင်း၊ လေ့လာခြင်း၊ ရှာမှီးခြင်းနှင့် ကြံဆခြင်းတို့ကို အမြဲမပြတ် ဆောင်ရွက်ရမည်၊

(စ) ခာတ်ခွဲခန်းများ၏ ဂုဏ်သိက္ခာနှင့် ခာတ်ခွဲခန်း ရေရှည်တည်တံ့ရေး အစီအစဉ်များ၊ ကျောက်မျက်ရတနာပညာရပ်ဆိုင်ရာ တိုးတက်မြင့်မားရေး ဆောင်ရွက်မှုအစီအစဉ် များနှင့် မျိုးဆက်သစ်များသို့ အသိပညာများ မျှဝေမှုအစီအစဉ်များတွင် လိုအပ်သည့် ကဏ္ဍအလိုက် ပူးပေါင်းပါဝင် ဆောင်ရွက်ရမည်။

## အခန်း(၆)
## စစ်ဆေးချက်မှတ်တမ်း ရယူလိုသူက လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ

၁၃။ စစ်ဆေးချက်မှတ်တမ်း ရယူလိုသူသည် အောက်ပါ စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာ ဆောင်ရွက်ရမည် -

(က) ကျောက်မျက်ရတနာများ ခာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းနှင့် စစ်ဆေးချက်မှတ်တမ်း ရယူခြင်းကို မိမိယုံကြည်မှုရှိသော ခာတ်ခွဲခန်းတွင် မိမိဆန္ဒအလျောက် လွတ်လပ်စွာ ဆောင်ရွက်နိုင်သည်၊

(ခ) ခတ်ခွဲစမ်းသပ်စစ်ဆေးခြင်းမပြုမီ ခတ်ခွဲစမ်းသပ်စစ်ဆေးခြင်းနှင့်ပတ်သက်၍ ခတ်ခွဲခန်းမှ ရှင်းလင်းပြောကြားမှုအပေါ် နားလည်လက်ခံကျေနပ်မှသာ လုပ်ငန်း အပ်နှံဆောင်ရွက်ရမည်၊

(ဂ) ခတ်ခွဲစမ်းသပ်စစ်ဆေးမည့် ကျောက်မျက်ရတနာများ ခတ်ခွဲခန်းသို့ အပ်နှံမှုနှင့် ခတ်ခွဲခန်းမှ ပြန်လည်လက်ခံမှုကို စနစ်တကျ ဆောင်ရွက်ရမည်၊

(ဃ) ခတ်ခွဲခန်းက ဆောင်ရွက်ပေးနိုင်သည့် ဝန်ဆောင်မှုလုပ်ငန်း အမျိုးအစားအလိုက် ကောက်ခံမည့် ခတ်ခွဲစမ်းသပ်စစ်ဆေးခကို ပေးဆောင်ရမည်၊

(င) စစ်ဆေးချက်မှတ်တမ်းကို အမှန်တကယ် ခတ်ခွဲစမ်းသပ်စစ်ဆေးခဲ့သော ကျောက်မျက် ရတနာများအတွက်သာ အသုံးပြုရမည်။ ခတ်ခွဲစမ်းသပ်စစ်ဆေးခဲ့သော ကျောက်မျက် ရတနာများကို ပြုပြင်ပြီးချိန်တွင်ဖြစ်စေ၊ အခြားကျောက်မျက်ရတနာများအတွက် ဖြစ်စေ အသုံးပြုခြင်းမပြုရ၊

(စ) စစ်ဆေးချက်မှတ်တမ်းနှင့် စစ်ဆေးချက်မှတ်တမ်းပါ မည်သည့်အချက်အလက် များကိုမျှ ပြင်ဆင်ဖြည့်စွက်ခြင်းမပြုရ။ ပြင်ဆင်ဖြည့်စွက်ထားသည့် အခြေအနေ တစ်ခုခုကို စစ်ဆေးတွေ့ရှိရပါက တရားမဝင် စစ်ဆေးချက်မှတ်တမ်းအဖြစ် မှတ်ယူခြင်းခံရမည်၊

(ဆ) ခတ်ခွဲခန်းကထုတ်ပေးသော စစ်ဆေးချက်မှတ်တမ်း မူရင်းတစ်စောင်ကိုသာ လက်ခံ ရယူရမည်။

(ဇ) ထုတ်ယူခဲ့သော စစ်ဆေးချက်မှတ်တမ်းနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ကျေနပ်မှု မရှိပါက စစ်ဆေးချက်မှတ်တမ်း ထုတ်ယူခဲ့သော ခတ်ခွဲခန်းတွင် ခတ်ခွဲစမ်းသပ် စစ်ဆေးခဲ့သော ကျောက်မျက်ရတနာများနှင့်အတူ ခတ်ခွဲခန်းက သတ်မှတ်သည့် ကာလအတွင်း စောဒက တက်၍ ငြင်းဆိုချက်ပေးနိုင်သည်။

## အခန်း(၇)
## ခတ်ခွဲခန်းဝန်ဆောင်မှုလုပ်ငန်းများအတွက် သတ်မှတ်ထားရမည့် အချက်များ

၁၄။ မှတ်ပုံတင်လက်မှတ်ရရှိထားသည့် ခတ်ခွဲခန်းများသည် မိမိဆောင်ရွက်သည့် ခတ်ခွဲခန်း ဝန်ဆောင်မှုလုပ်ငန်းများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ သတ်မှတ်ချက်များ သတ်မှတ် ထားရမည်။ အဆိုပါ သတ်မှတ်ချက်များတွင် အောက်ဖော်ပြပါ အခြေခံအချက်များ ပါဝင်စေရမည် -

(က) ခတ်ခွဲခန်းဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်မည့် ခတ်ခွဲခန်းတာဝန်ခံ၊ ပညာရှင် များနှင့် ဝန်ထမ်းများ၏ ဖြောင့်မတ်တည်ကြည်မှုနှင့် ရိုးသားမှု ဖော်ပြချက်၊

(ခ) စစ်ဆေးချက်မှတ်တမ်းအပေါ် တာဝန်ယူမှုဆိုင်ရာ သတ်မှတ်ချက်၊

(ဂ) စစ်ဆေးချက်မှတ်တမ်းနှင့်ပတ်သက်၍ စစ်ဆေးချက်မှတ်တမ်းရယူလိုသူက ကျေနပ်မှု မရှိ၍ စောဒကတက်ငြင်းဆိုချက်ပေးနိုင်သည့် ကာလသတ်မှတ်ချက်၊ စောဒကတက် ငြင်းဆိုချက် ပေးထားမှုအပေါ် ဖြေရှင်းပေးမည့် နည်းလမ်းသတ်မှတ်ချက်။

## အခန်း(၈)

## အရေးယူခြင်း

၁၅။ ခတ်ခွဲခန်း၏ ခတ်ခွဲခန်းတာဝန်ခံကဖြစ်စေ၊ ပညာရှင်တစ်ဦးဦးကဖြစ်စေ၊ ခတ်ခွဲခန်း ဝန်ထမ်းတစ်ဦးဦးကဖြစ်စေ ဤလုပ်ထုံးလုပ်နည်းပါ သတ်မှတ်ချက်များကိုလည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းနှင့် စည်းကမ်းများကိုလည်းကောင်း တိကျစွာ လိုက်နာဆောင်ရွက်မှု မရှိပါက အောက်ပါနည်းလမ်းတစ်ခုခုဖြင့် အရေးယူခြင်းခံရမည် -

(က) စာဖြင့် သတိပေး အကြောင်းကြားခြင်း၊

(ခ) ဒဏ်ကြေးပေးဆောင်စေပြီး ခတ်ခွဲခန်းကို ဆက်လက်ဖွင့်လှစ်ခွင့်ပြုခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်၍ ခတ်ခွဲခန်းအား ပိတ်သိမ်းစေခြင်းနှင့် ခတ်ခွဲခန်း ဖွင့်လှစ်ရန် ရယူခဲ့သည့် ခွင့်ပြုချက် သို့မဟုတ် လိုင်စင်ကို ပြန်လည်ရုပ်သိမ်းရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံ အကြောင်းကြားခြင်း။

၁၆။ မည်သူမဆို ဤလုပ်ထုံးလုပ်နည်းများနှင့်အညီ မှတ်ပုံတင်လက်မှတ် လျှောက်ထားရယူခြင်း မရှိဘဲ ခတ်ခွဲခန်းဖွင့်လှစ်၍ ခတ်ခွဲခန်းဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရပါက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက အောက်ပါအတိုင်း အရေးယူဆောင်ရွက်သွားမည် -

(က) မှတ်ပုံတင်လက်မှတ် လျှောက်ထားရယူရန် တရားဝင်စာဖြင့် အသိပေးအကြောင်း ကြားခြင်း၊

(ခ) အပိုဒ်ခွဲ(က)အရ အကြောင်းကြားသော်လည်း ရက်ပေါင်း(၃၀)အတွင်း မှတ်ပုံတင် လက်မှတ် လျှောက်ထားရယူခြင်းမရှိပါက ဤလုပ်ထုံးလုပ်နည်းများနှင့်အညီ မှတ်ပုံတင် လက်မှတ်ရယူခြင်းမရှိဘဲ ခတ်ခွဲခန်း ဖွင့်လှစ်ဆောင်ရွက်နေမှုကို တားမြစ်ပေးပါရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ အကြောင်းကြားခြင်း။

## အခန်း(၉)

## အထွေထွေ

၁၇။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ဤလုပ်ထုံးလုပ်နည်းများအရ မှတ်ပုံတင်လက်မှတ်ထုတ်ပေးမှုကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်ပြ၍ မှတ်တမ်းတင်ထားရှိရမည်။

၁၈။ ခါတ်ခွဲခန်းမှတ်ပုံတင်လက်မှတ်ရရှိသူသည် -

(က) အပိုဒ် ၁၁ အပိုဒ်ခွဲ (ဂ) အရ ဓာတ်ခွဲခန်းဝန်ဆောင်မှုလုပ်ငန်းကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်းခံရပါက မှတ်ပုံတင်လက်မှတ်ကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသို့ ပြန်လည်အပ်နှံထားရှိရမည်၊

(ခ) မှတ်ပုံတင်လက်မှတ် ပျောက်ဆုံးပျက်စီးပါက သက်ဆိုင်ရာ ရဲတပ်ဖွဲ့စခန်း၏ ထောက်ခံချက်နှင့်အတူ သတ်မှတ်ဒဏ်ကြေး ပေးဆောင်ပြီး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းသို့ လျှောက်ထားနိုင်သည်။

၁၉။ ဤလုပ်ထုံးလုပ်နည်းများသည် ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

(ပုံ)ခင်မောင်ရီ
ပြည်ထောင်စုဝန်ကြီး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

စာအမှတ်၊ ၄ ခွဲ(၁) ၂၅/ သတ္တု ( ၂၇၃၈ )

ရက်စွဲ ၊ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၉ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ |

ဤဝန်ကြီးဌာနရှိ ဦးစီးဌာန/လုပ်ငန်းများအားလုံး

ဤဝန်ကြီးရုံးရှိ ဌာနခွဲများအားလုံး

ရုံးလက်ခံ

အမိန့်အရ

လှမောင်သိန်း

အမြဲတမ်းအတွင်းဝန်